ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျှက်ရှိသော အောက်ဖော်ပြပါအမှုထမ်းရာထူး (၃)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| **စဉ်** | **ရာထူး/လစာနှုန်း** | **ရာထူးနေရာ** | **အနိမ့်ဆုံးပညာအရည်အချင်း** |
|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂)<br>(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၃)နေရာ | B.E(Mining) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်မကျော်လွန်သူဖြစ်ပြီး လက်ရှိဌာန၏ ခွင့်ပြုချက်မူရင်းပါရှိရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဃ) ဌာနတွင် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်၊

(င) ရွေးချယ်ခန့်အပ်ခြင်းခံရပါကနေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်၊

(စ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှလျှောက်ထားသူများသည်သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ် (Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) အမည်၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

(ဂ) မွေးသက္ကရာဇ်၊အသက်၊

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း၊ တက္ကသိုလ်၊

(စ) လျှောက်ထားလိုသည့်ရာထူး၊
(ဆ) မိဘအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်၊
(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊
(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊
(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ဖုန်းနံပါတ်နှင့် E-mail ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုး ရန်)၊
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရယူထားသည့် စာရိတ္တကောင်းမွန်ကြောင်းနှင့်သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊
(င) သက်ဆိုင်ရာရဲစခန်းမှ(၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(စ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊
(ဆ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ကာလာဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံနောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊
(ဇ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသောအထောက် အထောက်အထားမိတ္တူများ၊
(ဈ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ(၁)လအတွင်းရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
(ည) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊www.mge.gov.mmတွင် ရယူနိုင်ပြီး လျှောက်လွှာ များကို ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်ဟု လိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) mgdmnnaypyitaw @gmail.com သို့ (၆.၂.၂၀၂၃)ရက်နေ့ ရုံးချိန်အရောက်နောက်ဆုံးထားပေးပို့လျှောက်ထားရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၇။ ဖြေဆိုခွင့် ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ www.mge.gov.mm နှင့် ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်မေးခွန်းများကို(၁၁.၂.၂၀၂၃)ရက်နေ့နံနက်(၀၉:၀၀)နာရီမှနေ့လယ်(၁၄:၃၀)နာရီထိ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၁၀.၂.၂၀၂၃)ရက်နေ့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊စီမံဌာနတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၁၀။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများအထောက်အထားမပြည့်စုံသော လျှောက်လွှာများ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအားပယ်ဖျက်ပါမည်။

၁၁။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း) ၊ ဘွဲ့လက်မှတ်(မူရင်း)များပါရှိရမည်ဖြစ်ပြီး၊ မပါရှိပါက စာမေးပွဲဖြေဆိုခွင့် ရမည်မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၊ ၀၆၇ – ၄၁၄၈၁၈ သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**